# ၁၉၅၅ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ် ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေ၊*

**[၁၉၅၅ ခုနှစ်၊ အက်ဥပဒေအမှတ် ၄၇၊]**

**(၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ ၇ ရက် )**

အောက်ပါအတိုင်း အက်ဥပဒေအဖြစ် ပြဋ္ဌာန်းလိုက်သည်။

၁။ ။ ဤအက်ဥပဒေကို၊ ၁၉၅၅ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်း (ပြင်ဆင်ချက်) အက်ဥပဒေဟုခေါ်ရမည်။

၂။ ။ နောက်တွင် "အဆိုပါအက်ဥပဒေ" ဟု ရည်ညွှန်းသည့် ၁၉၅၁ ခုနှစ်၊ စူရတီဘာရားဘဇား (သိမ်ကြီးဈေး) ကို မြူနီစီပါယ်ပိုင်ပြုလုပ်ခြင်းအက်ဥပဒေပုဒ်မ ၂ တွင်၊ အပိုဒ် (၁) အစား၊ အောက်ပါအပိုဒ်ကို ထည့်သွင်းရမည် —

"(၁) 'စူရတီဘာရားဘဇား (သိမ်ကြီးဈေး)' ဆိုသည့် စကားရပ်တွင် ဤအက်ဥပဒေ၏ ဇယား၌ ဖော်ပြထားသော နယ်နိမိတ်အတွင်းရှိ မြေရာနှင့် အဆောက်အဦအားလုံးပါဝင်သည်။ သို့ရာတွင် အဆိုပါနယ်နိမိတ်အတွင်းရှိ ဘာသာသာသနာရေးဆိုင်ရာမြေများနှင့် အဆောက်အဦများ မပါဝင်ချေ"

၃။ ။ အဆိုပါအက်ဥပဒေ ပုဒ်မ ၄ တွင် —

(က) အပိုဒ် (က) ၌ "ကုမ္ပဏီထံမှ" ဆိုသည့် စကားရပ်အစား၊ "ဤအက်ဥပဒေအရ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ခ) အပိုဒ် (ခ) ၌ "ကုမ္ပဏီ" ဆိုသည့် စကားရပ်ပါရှိသည့်နေရာတိုင်း၌ "ပစ္စည်းပိုင်ရှင်များ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

၄။ ။ အဆိုပါ အက်ဥပဒေပုဒ်မ ၅ နှင့် ၇ တွင် "ကုမ္ပဏီ" ဆိုသည့် စကားရပ်အစား၊ "ပစ္စည်းပိုင်ရှင်များ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။

---

*၁။ မြန်မာနိုင်ငံ ပြန်တမ်း၊ အပိုင်း – ၁၊ ၁၉၅၅ ခုနှစ်၊ အောက်တိုဘာလ (၁၅) ရက်၊ ၊ စာမျက်နှာ ၁၅၅၃။

၅။ ။ အဆိုပါ အက်ဥပဒေ ပုဒ်မ ၉၊ ပုဒ်မခွဲ (၁) တွင် -

(က) "ဤအက်ဥပဒေ၏ဇယားတွင် ဖော်ပြထားသော ရန်ကုန်မြို့ရှိ စူရတီ ဘာရားဘဇား (သိမ်ကြီးဈေး) ဟု ခေါ်တွင်သည့် မြေရာ အဆောက် အဦ စသည်တို့နှင့် ကုမ္ပဏီပိုင် အခြား" ဆိုသည့် စကားရပ်အစား၊ "စူရတီဘာရားဘဇား (သိမ်ကြီးဈေး)" ဆိုသည့် စကားရပ်ကို ထည့်သွင်း ရမည်။

(ခ) "ကုမ္ပဏီထံမှ" ဆိုသည့် စကားရပ်အစား "ပစ္စည်းပိုင်ရှင်များထံမှ" ဆိုသည့် စကားရပ်ကို ထည့်သွင်းရမည်။ ထို့ပြင်

(ဂ) "နှင့်အခြား" ဆိုသည့် စကားရပ်ကို ပယ်ဖျက်ရမည်။

၆။ ။ အဆိုပါအက်ဥပဒေ၏ဇယားအစား၊ အောက်ပါဇယားကို ထည့်သွင်းရမည်—

"ဇယား

နယ်နိမိတ်

<u>အရှေ့</u> ။ ။ ကုန်ဈေးတန်း (ဖရေဇာလမ်းနှင့် ဒါလဟိုဇီလမ်းစပ်ကြား)

<u>အနောက်</u> ။ ။ ၂၄ လမ်း [ကျုံးကြီးလမ်းမှ သစ်သီးဈေး (ခေါ်) သိမ်ကြီးဈေး 'ဘီ' ၏ အနောက်တောင်ထောင့်အစွန်းအထိ]။

<u>တောင်</u> ။ ။ ဒါလဟိုဇီလမ်း (ကုန်ဈေးတန်းမှ တရုပ်တန်းအထိ) တရုပ်တန်းလမ်း [ဒါလဟိုဇီလမ်းမှ သစ်သီးဈေး (ခေါ်) သိမ်ကြီးဈေး 'ဘီ' ရှိ၏ အရှေ့တောင်ထောင့်အစွန်းအထိ]၊ သစ်သီးဈေး၏ အရှေ့တောင် ထောင့်အစွန်းမှ အနောက်တောင်ထောင့်အစွန်းအထိ။

<u>မြောက်</u> ။ ။ ဖရေဇာလမ်း (၂၄ လမ်းနှင့် ကုန်ဈေးတန်းစပ်ကြား)။"

◆ ◆ ◆ ◆ ◆